မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၀ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၂၃၂၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒုတိယဝန်ကြီး ဦးစိုးဝင်းအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးမောင်မောင်အုန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၅ အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လောင်းစိစစ်ရွေးချယ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ် — ဥက္ကဋ္ဌ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ခ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) ဦးငွေးဦး — အဖွဲ့ဝင်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်
ဟသ်ာတမဲဆန္ဒနယ်
ဧရာဝတီတိုင်းဒေသကြီး

(စ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်
မဲဆန္ဒနယ်အမှတ် (၆)
ဧရာဝတီတိုင်းဒေသကြီး

(ဆ) ဦးသန့်ဇင် — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံတရားလွှတ်တော်ရှေ့နေများကောင်စီ

(ဇ) ဒေါ်မြမြ အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဈ) ဦးစိုးဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း

(ည) ဦးကျော် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လောင်းစိစစ်ရွေးချယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **“ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်ပါသည် -

(က) **ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

(၁) ဒေါက်တာစိုင်းမောက်ခမ်း နာယက
ဒုတိယသမ္မတ

(၂) ဦးသိန်းညွန့် နာယက
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

| | |
|---|---|
| (၃) ဦးစိုးဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၄) ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ဦးသန်းငွေ<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၇) ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၈) ဒေါက်တာမောင်မောင်ငွေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၉) ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) **ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဒေါက်တာမောင်မောင်ငွေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၇) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၈) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၃) ဦးစိုးရန်နိုင် — အဖွဲ့ဝင်
ကော်မတီဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၄) အလှူ့ကျသဘာပတိ — အဖွဲ့ဝင်
ဂေါပကအဖွဲ့
ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး

(၁၅) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

၂။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်။

(ခ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်။

(ဂ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်။

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များ ပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့် လှူဖွယ်ပစ္စည်းများ၊ သာသနာ့မဟာဗိမာန်တော် ပြင်ဆင်ထားရှိမှု စသည်တို့အား လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

### ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **“ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ဈ) အုပ်ချုပ်မှုဒါရိုက်တာ — အဖွဲ့ဝင်
ရင်သွေးငယ်ဖောင်ဒေးရှင်း

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့သည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ (၁) နှစ်လျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သော **"လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့"** တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် **အစား** တပ်ဖွဲ့မှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။ )**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း၏မေးခွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ်စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစောမော်ထွန်းက နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ်စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများရဲ့ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ်စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်တွင်းသောက်ရေသန့်လုပ်ငန်းကို ၁၉၆၈ ခုနှစ်က စတင်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ၁၉၉၀ ပြည့်နှစ်မှသာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲလာခြင်း၊ မြို့ပြလူနေမှုစနစ် တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့ ဈေးကွက်မှ တောင်းဆို လာခြင်းတို့ကြောင့် သောက်ရေသန့်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရတာ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အမှတ် (၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တဲ့ ဒဂုံသောက်ရေသန့်အပြင် ပုဂ္ဂလိကလုပ်ငန်းတွေဖြစ်တဲ့ Top၊ Rainbow၊ ခူဝံ၊ Super၊ Winner၊ OASIS စတဲ့ သောက်ရေသန့်လုပ်ငန်းတွေ အပြိုင်အဆိုင်ပေါ်ပေါက်လာပါတယ်။ ၁ လီတာဘူး၊ လီတာဘူးဝက် စသည်တို့ကို ထုတ်လုပ်ပြီးတော့ ဈေးကွက်က ကျင်းပါတယ်။ ၁၉၇၉ ခုနှစ်မှာတော့ ဒဂုံရေသန့်ကနေပြီး Spa ရေစင်ဆိုတဲ့ သောက်ရေသန့်ဖန်ပုလင်းတွေကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင်များသာမက ဌာနဆိုင်ရာအဖွဲ့အစည်းတွေကလည်း ရေသန့်လုပ်ငန်းကို စီးပွားရေးအဖြစ် ထုတ်လုပ်ဖြန့်ချိလာခဲ့ပါတယ်။ ကုမ္ပဏီတွေ၊ စက်ရုံကြီးတွေက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထုတ်လုပ်ဖြန့်ချိနေသလို တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးသာသာ လုပ်ကိုင်နေတဲ့ တံဆိပ်တွေကိုလည်း အများအပြားတွေ့ရှိရပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှာ သောက်ရေသန့်လုပ်ငန်း (၄၉) ခု မှတ်ပုံတင်ခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်မှာ (၂၀၀) ကျော်အထိ တိုးတက်လာပါတယ်။ စက်များရဲ့ ထုတ်လုပ်မှုပမာဏ တစ်လီတာ၊ လီတာ (၄၀၀) ကနေပြီးတော့ လီတာ (၁၂၀၀၀) အထိ လည်ပတ်ထုတ်လုပ်နိုင်တာကိုလည်း တွေ့ရှိရပါတယ်။ ရေသန့်ထုတ်လုပ်မှု သောက်သုံးမှုအများဆုံးကတော့ လူဦးရေအများဆုံးနေထိုင်တဲ့ ရန်ကုန်မြို့ဖြစ်ပါတယ်။ (၁) နာရီကို ရေသန့် လီတာ (၁၀၀၀၀) ကျော်အထိ ထုတ်လုပ်နိုင်တဲ့ စက်ရုံတွေကိုတော့ စက်ရုံကြီးအဆင့် သတ်မှတ်ပြီးတော့ ရေသန့် လီတာ (၂၀၀၀) ကနေ (၁၀၀၀၀) ကြား ထုတ်လုပ်မယ်ဆိုရင် စက်ရုံလတ်၊ ရေသန့် လီတာ (၂၀၀၀) ထိသာ ထုတ်လုပ်မယ်ဆိုရင် စက်ရုံသေးဆိုပြီး ခွဲခြားသတ်မှတ်ပေးထားပါတယ်။ ကျွန်တော်တို့ မော်ဘီမြို့နဲ့ သန်လျင်မြို့များကတော့ မူလရေအရင်းအမြစ် အကောင်းဆုံး

(၂) နေရာဖြစ်တယ်လို့လည်း သိရပါတယ်။ ၁၉၉၇ ခုနှစ်နောက်ပိုင်းမှာ ကျန်းမာရေးဝန်ကြီးဌာနက သောက်ရေသန့်အရည်အသွေးကို စစ်ဆေးပြီး အချို့အမှတ်တံဆိပ်တွေဟာ သောက်သုံးရန်မသင့်ကြောင်း ထုတ်ပြန်ခဲ့တဲ့အတွက် တချို့ ပေါ်ပင်တံဆိပ်တွေဟာ လျော့နည်းပျောက်ကွယ်သွားခဲ့တာ တွေ့ရပါတယ်။

ရေကောင်းရေသန့်ဆိုတာ အရောင်အဆင်း၊ အနံ့၊ အရသာ မရှိပါဘူး။ မဂ္ဂနီစီယမ်ဓာတ်၊ သံဓာတ်၊ ကယ်လစီယမ်ဓာတ် စတဲ့ အာဟာရဓာတ်တွေ ပါဝင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ရေအရည်အသွေးဆိုင်ရာ စံစနစ်တွေကို ပြဋ္ဌာန်းသတ်မှတ်ပေးထားပေမယ့်လည်း ရေသန့်ထုတ်လုပ်ရောင်းချမှုအပိုင်းမှာ ထုတ်လုပ်ရောင်းချသူများဘက်က ရေအရည်အသွေးဆိုင်ရာစံစနစ်တွေကို စစ်ဆေးသော်လည်း စဉ်ဆက်မပြတ် စစ်ဆေးမှုမပြုတဲ့အတွက် ရေအရည်အသွေးနိမ့်ကျတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ရေပေးရေးစနစ်ကနေ ဖြန့်ဖြူးတဲ့ရေတွေဟာ ကလိုရင်းပမာဏ များမယ်ဆိုရင် ဒါ နောက်နေ့သတင်းစာတွေမှာ ထပ်ခါတလဲလဲ ပြောမဆုံးနိုင်တဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ ရေသန့်ဘူးတွေမှာ အမှုန်ပါဝင်တာတွေ၊ အရသာ၊ အိုဇုန်းဓာတ်ကျန်ရှိနေခြင်းတွေကတော့ ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ပါတယ်။ သောက်ရေသန့်ဘူးများအတွင်း ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုတွေ မပြုလုပ်တဲ့အတွက် ရေသန့်ဘူးတွေအတွင်းမှာ ပိုးမွှားများ ဝင်ရောက်မှုများပြားတာတွေ၊ သတ်မှတ်ပမာဏထက် များပြားနေတဲ့ ဓာတ်သတ္တုတွေဟာ လူကို ဘေးဥပဒ်ဖြစ်စေမှာဖြစ်ပါတယ်။ ထုတ်လုပ်ရောင်းချသူတွေက ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုပြုလုပ်ခြင်းမပြုလုပ်သလို စားသုံးသူတွေအနေနဲ့လည်း ရေနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးတဲ့အတွက် နောက်ဆုံးနစ်နာရသူတွေကတော့ စားသုံးသူတွေသာ ဖြစ်ပါတယ်။ ဝယ်ယူစားသုံးမှုတွေအတွက် ငွေကြေးကုန်ကျမှုရှိသလို ကျန်းမာရေးနဲ့ ညီညွတ်ပြည့်စုံဖို့ လိုအပ်မှာ အမှန်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်တစ်ဝန်း ရေသန့်ဘူးများရဲ့ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူလူထုရဲ့ ကျန်းမာရေး အကျိုးအလို့ငှာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန် ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ် (၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်းရဲ့ နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ကျန်းမာရေးဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီးဖြစ်သူ ကျွန်တော် ဒေါက်တာ သန်းအောင်မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသား အစားအသောက်ဥပဒေပါ ရည်ရွယ်ချက်များကို အခြေခံပြီးတော့ ဗဟိုအစားအသောက်နဲ့ ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်အတွင်း ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချလျက်ရှိတဲ့ အစားအသောက်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့်စပ်လျဉ်းသည့် ကိစ္စများကို

ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ သောက်သုံးရေအစား သောက်ရေသန့် အစားအသောက် ထုတ်လုပ်မှု ထောက်ခံချက်ပေးခြင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

သောက်သုံးရေထုတ်လုပ်လိုသူသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သောက်ရေသန့်ထုတ်လုပ်ခြင်း ထောက်ခံချက်အတွက် လျှောက်ထားရပါတယ်။ ထိုသို့လျှောက်ထားတဲ့အခါမှာ စာရွက်စာတမ်းများ ပြီးပြည့်စုံမှန်ကန်မှု ရှိ မရှိကို ပဏာမစစ်ဆေးပြီး သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး၊ အစားအသောက်နဲ့ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ သောက်သုံးရေထုတ်လုပ်သည့်စက်ရုံအား ကွင်းဆင်းစစ်ဆေးပါတယ်။ ထိုသို့ကွင်းဆင်းစစ်ဆေးစဉ် ထုတ်လုပ်ခွင့်ထောက်ခံချက် လျှောက်ထားစဉ်က တင်ပြသော အချက်အလက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ။ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice) နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးပါတယ်။ လုပ်ငန်းအသစ်ဖြစ်ပါက ဗဟိုအဆင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ထပ်မံကွင်းဆင်း စစ်ဆေးပါတယ်။ ကွင်းဆင်းစစ်ဆေးစဉ်မှာ ထုတ်လုပ်တဲ့ရေသန့်ရဲ့ အမျိုးအစားအလိုက် ထုပ်ပိုးပုံအရွယ် အစားနှင့် အမှတ်တံဆိပ်အလိုက် နမူနာများ ကောက်ယူပြီး အရည်အသွေးသတ်မှတ်ချက်နဲ့ ကိုက်ညီမှု ရှိ၊ မရှိ ဓာတ်ခွဲခန်းသို့ ပေးပို့ပါတယ်။

ထို့အပြင် စက်ရုံစစ်ဆေးစဉ် စက်ရုံစစ်ဆေးသည့်အဖွဲ့များမှ မှတ်ချက်ပြုထားသည့် ညွှန်ကြားချက်များကို လုပ်ငန်းမှ ပြင်ဆင်ပြီးစီးကြောင်း ဓာတ်ပုံမှတ်တမ်းနှင့်တကွ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ ပြန်လည်တင်ပြစေပါတယ်။ ပြန်လည်တင်ပြသောအချက်များအား စိစစ်ပြီး နမူနာများ ဓာတ်ခွဲစစ်ဆေးချက်အရ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီခြင်းဆိုင်ရာ အဏုဇီဝနှင့် ဓာတုသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အစားအသောက်၊ သောက်ရေသန့်ထုတ်လုပ်ခြင်း ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေးသို့ တင်ပြပါတယ်။ ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ခွင့်ပြုပါက အစားအသောက်သောက်သုံးရေသန့်ကို ထုတ်လုပ်ခွင့်လက်မှတ် ထုတ်ပေး ပါတယ်။ ထိုသို့ ထောက်ခံချက်ထုတ်ပေးရာမှာလည်း သက်တမ်းအားဖြင့် (၂) နှစ်သာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်၍ မြန်မာနိုင်ငံတစ်ခုလုံးတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန၏ ထောက်ခံချက်ဖြင့် သောက်ရေသန့်လုပ်ငန်း (၇၁၉) ခု ရှိပါတယ်။ တိုင်းအလိုက်တင်ပြရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးတွင် (၂၅၂) ခု၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၀၆) ခု၊ ပဲခူးတိုင်းဒေသကြီးတွင် (၅၁) ခုနဲ့ မကွေးတိုင်းဒေသကြီးတွင် (၂၇) ခု၊ စစ်ကိုင်းတိုင်းဒေသတွင် (၃၃) ခုနဲ့ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၄) ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၃၆) ခုနဲ့ မွန်ပြည်နယ်တွင် (၂၆) ခု၊ ရှမ်းပြည်နယ်တွင် (၈၈) ခုနဲ့ ကချင်ပြည်နယ်တွင် (၂၅) ခု၊ ကရင်ပြည်နယ်တွင် (၁၆) ခုနဲ့ ကယားပြည်နယ်တွင် (၄) ခု၊ ချင်းပြည်နယ်တွင် (၁) ခုနဲ့ ရခိုင်ပြည်နယ်တွင် (၁၃) ခုနဲ့ နေပြည်တော်ကောင်စီနယ်မြေတွင် (၂၇) ခုရှိကြောင်း တင်ပြအပ် ပါတယ်။

သတ်မှတ်ချက်နဲ့ မပြည့်မီသောလုပ်ငန်းများကို ပြည့်မီအောင် ပြုပြင်ဆောင်ရွက်စေပြီးမှသာလျှင် ထောက်ခံချက်ကို ထုတ်ပေးပါတယ်။ ထောက်ခံချက်ရရှိတဲ့ သောက်ရေသန့်လုပ်ငန်းများအား (၄) လ၊ (၁) ကြိမ် အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနမှ သတ်မှတ်ချက်နဲ့ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပါတယ်။ ဈေးကွက်မှာရှိတဲ့ သောက်သုံးရေသန့်များကိုလည်း အရည်အသွေးကို ဈေးကွက်ထောက်လှမ်းခြင်း (Market Surveillance) အစီအစဉ်ဖြင့် ကျပန်းနမူနာများ ကောက်ယူစစ်ဆေးခြင်းများကိုလည်း ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။

ရှေ့ဆက်ပြီး ဆောင်ရွက်မယ့်အစီအစဉ်ကိုလည်း တင်ပြလိုပါတယ်။ တင်ပြပါလျှောက်ထားတဲ့ သောက်ရေသန့်များနှင့် ထောက်ခံချက်ကို ရရှိပြီး သက်တမ်းရှိ သောက်ရေသန့်လုပ်ငန်းများကို ဈေးကွက် နမူနာစစ်ဆေးချက်အရ သတ်မှတ်ချက်နဲ့ ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း၊ အရည်အသွေးပြည့်မီမှု

မရှိလျှင်သော်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ကို ဆိုင်းငံ့ခြင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်ဖြစ်သည့် အာဏာပိုင် (ထွေ/အုပ်) မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအား တားမြစ်စေခြင်း၊ လုပ်ငန်းသည် သတ်မှတ်ချက်နဲ့အညီ ပြင်ဆင်ပြီး ကိုက်ညီမှုရှိမှသာ ပြန်လည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချစေခြင်း စသည့် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၁) မှ ဦးစောမော်ထွန်းရဲ့ နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ အရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ရဲ့ အဖြေတို့ဟာ အများပြည်သူ သိရှိရန် လိုအပ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းပေးဖို့ ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဦးမောင်မောင်ထူး | ဗိုလ်မှူးကြီး (ငြိမ်း) | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၇/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၂၂၈၀၆ | (အစား) | ကြည်း ၃၄၈၉၄ |
| ဗိုလ်မှူးမြတ်မိုး | | ဗိုလ်မှူးထင်လင်းဦး |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၉/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

### ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးထွန်းကြည် အစား ဦးအုန်းမြင့်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုး တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၅၂၊ ၁၆၉ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၊ ၁၀ တို့ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံရေးပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်၏ မဲဆန္ဒနယ်တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိပါသည်။

၂။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးက ဥပဒေနှင့်အညီ စိစစ်အတည်ပြုကြေညာပြီးဖြစ်သော နိုင်ငံရေးပါတီကိုယ်စားပြု (သို့မဟုတ်) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ကြမည်ဖြစ်ပါသည်။ ယင်းသို့ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှု ရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### မဲဆွယ်စည်းရုံးခွင့်ကာလ

၃။ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ အလိုတွင် စတင်မဲဆွယ်စည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ တစ်ရက် (နံနက် ၀၆း၀၀) နာရီနောက်ပိုင်းတွင် မဲဆွယ်စည်းရုံးခွင့် မရှိစေရ။

### မဲဆွယ်စည်းရုံးရန် နည်းလမ်းများ

၄။ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် -

(က) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးဟောပြောခြင်း၊

(ခ) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နေရာများသို့ ယာဉ်များနှင့် လှည့်လည်၍ စုဝေးဟောပြောခြင်း၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း၊

(ဃ) သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း။

### စုဝေးဟောပြောခွင့်လျှောက်ထားခြင်း

၅။ သတ်မှတ်သည့်နေရာတွင် စုဝေးဟောပြောခြင်းပြုလုပ်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာပြီးသည့်နေ့မှ

၁၅ ရက်အတွင်း စုဝေးဟောပြောမည့် အစီအစဉ်နှင့်တကွ အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးထံသို့ စုဝေးဟောပြောခွင့် လျှောက်ထားရမည် -

(က) နေပြည်တော်နယ်မြေအတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက နေပြည်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာမြို့နယ်များအတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာမြို့နယ်များ အတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊

(ဃ) အပိုဒ်ခွဲ (က)၊ (ခ) နှင့် (ဂ) ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၆။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးဟောပြောခြင်းဖြစ်ပါက အပိုဒ် ၅ အတိုင်း ခွင့်ပြုချက် လျှောက်ထားရန် မလိုသော်လည်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ နှစ်ရက် ကြိုတင် အသိပေးရမည်။

၇။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၅ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုးလျှောက်ထား ရမည်။

၈။ **စုဝေးဟောပြောခွင့်ရှိသူများ။** သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ရန် စိစစ် အတည်ပြုပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် သက်ဆိုင်ရာပါတီကိုယ်စားလှယ်များ သို့မဟုတ် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းက အခွင့် အာဏာ လွှဲအပ်ထားခြင်းခံရသူများ ဟောပြောခွင့်ရှိသည်။ အခွင့်အာဏာလွှဲအပ်ထားခြင်းခံရသူများသည် ထိုသို့ အခွင့်အာဏာလွှဲအပ်ကြောင်းစာကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်လွှာနှင့် အတူ တစ်ပါတည်းပေးအပ်စေရမည်။

၉။ **လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ။** ခွင့်ပြုချက်လျှောက်လွှာတွင် အောက်ပါတို့ကို အပြည့်အစုံ ဖော်ပြရမည် -

(က) စုဝေးဟောပြောပွဲပြုလုပ်လိုသည့်နေရာ၊

(ခ) စုဝေးဟောပြောပွဲပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စုဝေးဟောပြောပွဲစတင်မည့်အချိန်၊

(ဃ) စုဝေးဟောပြောပွဲပြီးဆုံးမည့်အချိန်၊

(င) ဟောပြောမည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(ဆ) စုဝေးဟောပြောမှုပြုလုပ်ရာတွင် တားမြစ်ချက်များ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်နှင့် စည်းကမ်းချက် များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်၊

(ဇ) ယာဉ်များဖြင့် သတ်မှတ်နေရာများ၌ စုဝေးဟောပြောရန်အတွက်ဖြစ်ပါက အထက်ပါအချက်များ အပြင် သွားရောက်မည့် ခရီးစဉ်လမ်းကြောင်း၊ လှည့်လည်သွားရောက်မည့် ခန့်မှန်းအချိန်၊ ရပ်တန့် ဟောပြောမည့်နေရာ၊ ဟောပြောမှုစတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန်။

၁၀။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အထက်အပိုဒ် ၅၊ ၇၊ ၈ နှင့် ၉ ပါ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ -

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးမည်ဖြစ်သည်။

(ခ) ခွင့်ပြုချက်ထုတ်ပေးရာတွင် အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုချက်တွင် ဖော်ပြရမည် -

(၁) စုဝေးဟောပြောရန် ခွင့်ပြုသည့်နေ့ရက်နှင့်နေရာ၊

(၂) စုဝေးဟောပြောပွဲ စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ယာဉ်ဖြင့် သွားရောက်ရာတွင် ခွင့်ပြုသည့် ခရီးစဉ်လမ်းကြောင်း၊

(၄) ယာဉ်ရပ်တန့်၍ ဟောပြောခွင့်ပြုသည့်နေရာနှင့် ခွင့်ပြုသည့်အချိန်၊

(၅) ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုချက်ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ စည်းရုံးဆောင်ရွက်စေရမည် -

(၁) အစိုးရရုံးများ၊ စက်ရုံအလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ သာသနာရေးနှင့်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစုလူဝေးရှိသည့်နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သောအရာများကို ကိုင်ဆောင်ခြင်း မပြုစေရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများပိတ်ဆို့ခြင်း မပြုစေရန်၊

(၆) အသံချဲ့စနစ်ကို တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသုံးပြုစေရန်၊

(၇) ဒေသအခြေအနေအရ သီးခြားသတ်မှတ်ရန် လိုအပ်သည့် အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ၊

(၈) မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောခြင်းသည် ဆန္ဒဖော်ထုတ်ပွဲမဟုတ်သည့်အတွက် စုဝေးဟောပြောပွဲ လာရောက်ရာတွင်ဖြစ်စေ၊ ဟောပြောပွဲပြီးဆုံး၍ ပြန်လည်ထွက်ခွာရာတွင်ဖြစ်စေ လူစုလူဝေးဖြင့် စီတန်းလှည့်လည်ခြင်း၊ ကြွေးကြော်ချီတက်ခြင်း မပြုစေရ။

(ဃ) ခွင့်ပြုချက်ထုတ်ပေးပါက စုဝေးဟောပြောခြင်း သို့မဟုတ် ယာဉ်ဖြင့် လှည့်လည်စည်းရုံးခြင်း စတင်ပြုလုပ်မည့်အချိန်မတိုင်မီ ၇၂ နာရီ ကြိုတင်ထုတ်ပေးရမည်။

(င) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။

(စ) မိမိနယ်မြေဒေသအတွင်း စုဝေးဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူဆိုင်ရာနေရာ/ဒေသများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ကြိုတင်လျာထားသတ်မှတ်ထားရမည်။

(ဆ) စုဝေးဟောပြောပွဲကို ပျက်ပြားအောင်မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးအဖွဲ့အစည်းများက လိုအပ်သောကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဇ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့် အန္တရာယ်မျိုး ကြုံတွေ့လာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်စေရမည်။

**မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း**

၁၁။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲအောင်နိုင်ရေးကို ရှေးရှုလျက် မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် အခမဲ့မဲဆွယ်စည်းရုံးဟောပြောနိုင်ရန် ကော်မရှင်က သီးသန့်ထုတ်ပြန်၍ မျှတစွာစီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၂။ နိုင်ငံရေးပါတီများသည် ပုဂ္ဂလိကပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံးဟောပြောခြင်းများ၊ ရိုက်ကူး ထုတ်လွှင့်ခြင်းများ ပြုလုပ်လိုပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက အခါ အားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်။

**ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း**

၁၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူအများ သိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်း စာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက တည်ဆဲ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ မီဒီယာဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

**တားမြစ်ချက်များ**

၁၄။ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၊ သက်ဆိုင်ရာပါတီ ကိုယ်စားလှယ်နှင့် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းက အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ် တို့သည် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင် ဖြစ်စေ အောက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အေးချမ်းသာယာရေးကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား လိုက်နာမှုမရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် လုပ်ဆောင်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် လုပ်ဆောင်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုများကို ဖြစ်ပေါ်စေသည့် အပြောအဆို၊ အပြုအမူ၊ အသွင်အပြင်များ ပြုမူဆောင်ရွက်ခြင်း၊

(ဇ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဈ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသား ပုံနှိပ်ထုတ်ဝေခြင်း၊

(ည) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း။

၁၅။ ထို့ပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း ၁၃ နှင့် ၁၄ တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကိုလည်း သိရှိနားလည်အောင် လေ့လာဖတ်ရှုပြီး ဥပဒေချိုးဖောက်မှုမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ကြရန်နှင့် ချိုးဖောက်သူများ တွေ့ရှိပါက ဥပဒေနှင့်အညီ ကန့်ကွက်တိုင်တန်း၍ အပြန်အလှန်ထိန်းကျောင်းကြပ်မတ်သွားကြရန် ဖြစ်ပါသည်။

၁၆။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၁၇။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲကုန်ကျစရိတ် စုစုပေါင်း ကျပ်သိန်းတစ်ရာအထိသာ သုံးစွဲခွင့်ရှိပါသည်။ ထို့ကြောင့် ဤမဲဆွယ်စည်းရုံးရေးဆိုင်ရာကုန်ကျစရိတ်များ အပါအဝင် ရွေးကောက်ပွဲကုန်ကျစရိတ်အားလုံးကို နည်းဥပဒေ ၇၇ အရ သတ်မှတ်ပုံစံဖြင့် စာရင်းပြုစုပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီပေးပို့တင်ပြကြရမည် ဖြစ်ပါသည်။

၁၈။ သို့ဖြစ်ပါ၍ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ဤညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၁၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၉၁/၂၀၁၀) ကို ဤညွှန်ကြားချက်အမှတ် (၁/၂၀၁၄) ဖြင့် ရုပ်သိမ်းလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၆၁/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် )

**မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအတွက် ဝန်ဆောင်ခ ပြောင်းလဲသတ်မှတ်ခြင်း**

၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၄) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဝန်ဆောင်ခနှုန်းထား သတ်မှတ်ချက်များအား လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

နည်းတူ တစ်ပြေးညီသတ်မှတ်ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်လိုက်သည် -

(က) **ပထမအုပ်စု၊ ကြမ်းခင်းဧရိယာ တစ်စတုရန်းမီတာလျှင် မြို့ပေါ်ရပ်ကွက် ငွေကျပ် (တစ်ထောင်) နှုန်းနှင့် မြို့ပြင်နယ်မြေ ငွေကျပ် (ငါးရာ) နှုန်း ကောက်ခံရမည့်ဒေသ**

(၁) နေပြည်တော်ကောင်စီနယ်မြေ

(၂) ရန်ကုန်တိုင်းဒေသကြီး

(၃) မန္တလေးတိုင်းဒေသကြီး

(ခ) **ဒုတိယအုပ်စု၊ ကြမ်းခင်းဧရိယာ တစ်စတုရန်းမီတာလျှင် မြို့ပေါ်ရပ်ကွက် ငွေကျပ် (ငါးရာ) နှုန်းနှင့် မြို့ပြင်နယ်မြေ ငွေကျပ် (နှစ်ရာ) နှုန်း ကောက်ခံရမည့်ဒေသ**

(၁) စစ်ကိုင်းတိုင်းဒေသကြီး

(၂) တနင်္သာရီတိုင်းဒေသကြီး

(၃) ပဲခူးတိုင်းဒေသကြီး

(၄) မကွေးတိုင်းဒေသကြီး

(၅) ဧရာဝတီတိုင်းဒေသကြီး

(ဂ) **တတိယအုပ်စု၊ ကြမ်းခင်းဧရိယာ တစ်စတုရန်းမီတာလျှင် မြို့ပေါ်ရပ်ကွက် ငွေကျပ် (နှစ်ရာ) နှုန်းနှင့် မြို့ပြင်နယ်မြေ ငွေကျပ် (တစ်ရာ) နှုန်း ကောက်ခံရမည့်ဒေသ**

(၁) ကချင်ပြည်နယ်

(၂) ကယားပြည်နယ်

(၃) ကရင်ပြည်နယ်

(၄) ချင်းပြည်နယ်

(၅) မွန်ပြည်နယ်

(၆) ရခိုင်ပြည်နယ်

(၇) ရှမ်းပြည်နယ်

(ဃ) **တစ်ရာရာခိုင်နှုန်းဖြင့် ကောက်ခံရမည့် အဆောက်အဦများ**

(၁) **စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့်အဆောက်အဦ။**

ယင်းအဆောက်အဦမှာ မှတ်တမ်းများ၊ စာရင်းဇယားများ၊ ထိန်းသိမ်းထားရှိခြင်းများ အပါအဝင် ရုံးခန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သည့် အဆောက်အဦဖြစ်ပါသည်။ (ဥပမာ-ဘဏ်များ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လေကြောင်းထိန်းသိမ်းရေးမျှော်စင်များ၊ တက္ကသိုလ်ကောလိပ်များ၊ စာတိုက်/ပုံနှိပ်တိုက်များ၊ မော်တော်ယာဉ်အရောင်းပြခန်း စသည်များ)

(၂) **စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့်အဆောက်အဦ။**

ယင်းအဆောက်အဦမှာ ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ ဖြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ အချောကိုင်ခြင်း၊ တီထွင်ပြုလုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ခြင်း စသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သော အဆောက်အဦများ ဖြစ်ပါသည်။ (ဥပမာ-ယာဉ်အမျိုးမျိုးထုတ်လုပ်သော စက်ရုံများ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများ၊ အီလက်ထရောနစ်ပစ္စည်းစက်ရုံများ၊ သတ္တုလုပ်ငန်း စသည်များ)

(၃) **ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုမြင့်မားသည့် အဆောက်အဦ။**

ယင်းအဆောက်အဦမှာ ရုပ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ သိုလှောင်ခြင်း၊ ထုတ်လုပ်သုံးစွဲခြင်းများ ဆောင်ရွက်သော အဆောက်အဦ ဖြစ်ပါသည်။ (ဥပမာ-မီးရှူးမီးပန်းများ သိုလှောင်ခြင်း၊ ပေါက်ကွဲစေတတ်သော ဓာတုဗေဒ ပစ္စည်းအမျိုးမျိုး သိုလှောင်ခြင်း စသည်များ)

(၄) **ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအဆောက်အဦ။**

ယင်းအဆောက်အဦမှာ ကုန်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် အများပြည်သူများ အလွယ်တကူရရှိနိုင်ရေးအတွက် ကုန်ပစ္စည်းများ၊ ရောင်းကုန်များ သိုလှောင်ထားရှိရာ အဆောက်အဦ ဖြစ်ပါသည်။ (ဥပမာ-ကုန်တိုက်များ၊ ဈေးများ၊ အရောင်း ပြခန်းများ၊ လက်လီ/လက်ကား အရောင်းဆိုင်ကြီး စသည်များ)

(၅) **လူအများမှီတင်းနေထိုင်ရာအဆောက်အဦ။**

ယင်းအဆောက်အဦမှာ အိပ်စက်အနားယူရန် ရည်ရွယ်ချက်ဖြင့် အပန်းဖြေအိမ်များ၊ ဟိုတယ်များ၊ မိုတယ်များ၊ တိုက်ခန်းများ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ သင်တန်းအိပ်ဆောင်များ၊ လူနေအဆောက်အဦများ ဖြစ်ပါသည်။

(၆) **ပစ္စည်းသိုလှောင်ထားရှိရာနေရာ အဆောက်အဦ (သိုလှောင်ရုံ)။**

ယင်းအဆောက်အဦမှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများ သိုလှောင်ရန် အသုံးပြုခြင်း မဟုတ်ဘဲ အခြားလုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားရှိရန် အသုံးပြုသောအဆောက်အဦ (သိုလှောင်ရုံ) ဖြစ်ပါသည်။ (ဥပမာ-လေယာဉ်ထားရှိရန် ဂိုဒေါင်များ၊ ပရိဘောဂပစ္စည်းများ ထားရှိရန် ဂိုဒေါင်များ၊ မော်တော်ယာဉ်ပြုပြင်ရေးအဆောက်အဦများ၊ ကားရပ်နားရာ အဆောက်အဦ စသည်များ)

(င) **ငါးဆယ်ရာခိုင်နှုန်းဖြင့် ကောက်ခံရမည့် အဆောက်အဦများ။** လူအများစုဝေးအသုံးပြုသည့် အဆောက်အဦမှာ အများပြည်သူ အနားယူအပန်းဖြေရန်လည်းကောင်း၊ အစားအသောက်များ မှီဝဲ သုံးဆောင်ရန်လည်းကောင်း၊ ခရီးသွားလာရာတွင် ခေတ္တစောင့်ဆိုင်းနေထိုင်ရန်လည်းကောင်း စသည့် လူမှုရေးဆိုင်ရာ (သို့မဟုတ်) ဘာသာရေးဆိုင်ရာလုပ်ငန်းများ အသုံးပြုသော အဆောက်အဦ ဖြစ်ပါသည်။ (ဥပမာ-ရုပ်ရှင်ရုံများ၊ ဂီတဖျော်ဖြေရေးပွဲခန်းမများ၊ ဂုဏ်ပြုဧည့်ခံပွဲခန်းမများ၊ စားသောက်ဆိုင်များ၊ ကပွဲခန်းမများ၊ အပန်းဖြေကစားကွင်းများ၊ အားကစားရုံများ၊ သယ်ယူ ပို့ဆောင်ရေးယာဉ်ရပ်နားစခန်း စသည်များ)

(စ) **နှစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကောက်ခံရမည့် အဆောက်အဦများ**

(၁) **ပညာရေးဆိုင်ရာအဆောက်အဦ။**

ယင်းအဆောက်အဦမှာ အခြေခံပညာအဆင့် ပညာသင်ကြားရေးဆိုင်ရာရည်ရွယ်ချက် များဖြင့် တစ်ချိန်တည်းတွင် (၆) ဦးထက် ပိုမိုအသုံးပြုခြင်းဖြစ်ပြီး လူဦးရေ (၁၀၀) အောက်ဖြင့် ဘာသာရေးဆိုင်ရာလေ့ကျင့်သင်ကြားရာ ခန်းမများနှင့် စုဝေးရာခန်းမများ ပါဝင်သည်။ ထို့အပြင် အသက် (၂) နှစ်ခွဲထက်ကြီးပြီး (၅) ဦးထက်ပိုသော ကလေးငယ်များအား ပညာ သင်ကြားပေးခြင်း၊ ပြုစုစောင့်ရှောက်ကြီးကြပ်ပေးခြင်းများ ဆောင်ရွက်ရန် အသုံးပြုသည့် အဆောက်အဦများလည်း ပါဝင်သည်။

(၂) **လေ့ကျင့်ပြုစုစောင့်ရှောက်ရေးဆိုင်ရာအဆောက်အဦ။**

ယင်းအဆောက်အဦမှာ ကျန်းမာရေး (သို့မဟုတ်) အသက်အရွယ် စသည့် ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်ရှိသူများအား ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးရန်အတွက်လည်းကောင်း၊ စာရိတ္တပြန်လည်ပြုပြင်ရေး (သို့မဟုတ်) ပြစ်ဒဏ်ကျခံစေရေး ရည်ရွယ်ချက်များဖြင့် လူအများ အား ဖမ်းဆီးချုပ်နှောင်ထားရှိရန်အတွက်လည်းကောင်း၊ နေထိုင်အသုံးပြုသူများ၏ လွတ်လပ်မှု

အား ကန့်သတ်တားမြစ်ထားရှိရန်လည်းကောင်း အသုံးပြုသည့် အဆောက်အဦ ဖြစ်ပါသည်။ (ဥပမာ-သင်တန်းကျောင်းများ၊ ပြန်လည်ထူထောင်ရေးစခန်းများ၊ ပြုစုစောင့်ရှောက်ရေးစခန်း စသည်များ)

(၃) **အထွေထွေလုပ်ငန်းသုံးအဆောက်အဦ။**

ယင်းအဆောက်အဦမှာ မှီတင်းနေထိုင်အသုံးပြုမှုအရ တိကျစွာ အမျိုးအစားခွဲခြားထားခြင်း မရှိသော အထွေထွေလုပ်ငန်းသုံးအဆောက်အဦများ ဖြစ်ပါသည်။ (ဥပမာ-တိရစ္ဆာန်မွေးမြူရေး အဆောက်အဦများ၊ ကိုယ်ပိုင်ကားဂိုဒေါင်များ၊ သိုလှောင်ကန်များ၊ မျှော်စင်များ၊ ဖန်လုံအိမ် စသည်များ)

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

အမှတ် ၂၁ ။ ။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၄) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးအောင်နိုင်ဦးအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်ရှိ စာတည်းမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၂၂ ။ ။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၄) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ် (သတင်းဌာန) မှ ဒုတိယညွှန်ကြားရေးမှူး (သတင်း) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးမျိုးမြင့်သောင်းအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ် (သတင်းဌာန) ရှိ ညွှန်ကြားရေးမှူး (သတင်း) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက် )

အမှတ် ၂၃ ။ ။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၄) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ (သံစုံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးအောင်မျိုးမင်းအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက် )

အမှတ် ၂၄ ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၄) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ဦးဝင်းကြည်အား မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၂၅ ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၄) ၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ မန်နေဂျာ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးဇော်ဝင်းအား နှစ်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၉ ရက် )

အမှတ် ၂၆ ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၄) ၏ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးကျော်အုံးသန်းအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်တွင် လစ်လပ်လျက်ရှိသော စာတည်းမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက် )

အမှတ် ၂၇ ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးတင်မောင်အေးအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက် )

အမှတ် ၂၈ ။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၄) ၏ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၄) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|---|
| (က) | ဦးသိန်းထွန်းအောင် | ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (မူပိုင်ခွင့်နှင့်မှတ်ပုံတင်) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန |
| (ခ) | ဦးဝင်းသူ | ညွှန်ကြားရေးမှူး (စက်မှု) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (နည်းပညာ/နိုင်ငံတကာ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန |
| (ဂ) | ဦးကျော်ဇင်သန့် | ညွှန်ကြားရေးမှူး (ထုတ်လုပ်) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန |
| (ဃ) | ဦးမြင့်ဝေ | ညွှန်ကြားရေးမှူး (ပြသ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်) (Channel Manager၊ Farmers Channel ရာထူးတွင် တွဲဖက်တာဝန်ထမ်းဆောင် စေလိုက်သည်။) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

အမှတ် ၂၉။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးချစ်မောင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၃ လ၊ ၂၉ ရက်) ကို (၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက် )

အမှတ် ၃၀။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ပုံနှိပ်စက်ရုံမှ စက်ရုံမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးသက်နိုင်ဦးအား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ယင်း၏ဆန္ဒအရ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ကချင်ပြည်နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်ဆိုင်ရာဥပဒေ (၂၀၁၄ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။) မှအဆက် ]**

၆။ (ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊ တိုးချဲ့ပညာပေးခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

**အခန်း (၄)**

**အစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ် တည်ထောင်ခြင်း**

၇။ ကော်မတီသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်များ၊ ရုက္ခဗေဒဉယျာဉ်များ တည်ထောင်ခွင့်ပြုနိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာရမည်။

(င) ပုဒ်မခွဲ (က) အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ဆောင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၈။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၇ (က) အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၉။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ကော်မတီ၏ သဘောတူညီချက်ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၁၀။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြည့်ရှုလေ့လာခြင်းနှင့်အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်းသို့ ပတ်ဝန်းကျင်မှ အန္တရာယ် မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိကြစေရန် လိုအပ်သော အစီအမံများ ချမှတ် ဆောင်ရွက်နိုင်သည်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများရှိ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များဖြင့် အလဲအလှယ်ပြုလုပ်နိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူ သိရှိစေရန် ကြေညာထားရမည်။

## အခန်း (၅)
## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၁၂။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၇ (က) အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်ကို ပြည်နယ်၏ အကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကပိုင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၁၃။ ပုဒ်မ ၁၂ အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၄။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာလုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၆)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

၁၅။ ကော်မတီသည် ပုဂ္ဂလိကပိုင်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များကို ခွင့်ပြုသောအခါ မြေဧရိယာနှင့်စပ်လျဉ်း၍ -

(က) အပန်းဖြေစခန်းဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့်ဧကကို ၇၅ ရာခိုင်နှုန်း အပြည့်အဝဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၂၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။

(ခ) တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ရုက္ခဗေဒဥယျာဉ်ဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဃ) ဒေသခံပြည်သူများအား မိသားစုတစ်နိုင်တစ်ပိုင်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ကိုင်နိုင်ရန်အတွက် ဧက ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၁၆။ ကော်မတီသည် ပုဂ္ဂလိကပိုင်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့်စပ်လျဉ်း၍ -

(က) အပန်းဖြေစခန်းတွင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခ) တိရစ္ဆာန်ဥယျာဉ်တွင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ရုက္ခဗေဒဥယျာဉ်တွင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၁၇။ ကော်မတီသည် နိုင်ငံခြားသားများ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ကိုင်ခွင့်လျှောက်ထားလာပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## ကြီးကြပ်ခြင်း

၁၈။ ကော်မတီသည် -

(က) ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၉။ ကော်မတီသည် -

(က) ပုဒ်မ ၁၂ အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၁။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသည့်အပြင် တည်ထောင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေမပြဋ္ဌာန်းမီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့် ရရှိထားသောပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၈)
## အာမခံကြေး၊ မြေခွန်နှင့်လုပ်ငန်းလိုင်စင်ခွန်

၂၃။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားနှင့် မြေခွန်နှုန်းထားများကို သတ်မှတ်ရမည်။

၂၄။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်အတွက်ကောက်ခံမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ရမည်။

၂၅။ ဦးစီးဌာနသည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူ၏ မြေခွန်နှင့် လုပ်ငန်းလိုင်စင်ခွန် ပေးသွင်းခြင်းကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၉)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်သူများအား ပံ့ပိုးဆောင်ရွက်ခြင်း

၂၆။ ကော်မတီသည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်သူက လုပ်ငန်းအတွက် နည်းပညာ၊ အတတ်ပညာနှင့် အခြားပံ့ပိုးမှုများကို ဆက်သွယ်တောင်းခံလာလျှင် လိုအပ်သလို ကူညီပံ့ပိုးပေးရမည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်သူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့်ဝန်ဆောင်မှု အကူအညီရရှိလိုလျှင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံပေးနိုင်သည်။

၂၇။ ကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ ပြီးစီးသည်အထိ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သော တည်ထောင်လုပ်ကိုင်သူများအား အာမခံကြေးပြန်လည်ထုတ်ပေး ရမည်။

၂၈။ ကော်မတီသည် -

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) ပါ အတိုင်း အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်သူနှင့် ယင်းမြေ၌ ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုး မြေများ၊ လုပ်ငန်းများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှု မရှိစေရန် ယင်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ နစ်နာကြေးပေးစေခြင်း ဆောင်ရွက် ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ပြုထားသော မြေဧရိယာအတွင်း ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားသော တောင်သူလယ်သမားများရှိပါက ယင်းတို့ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ ခရိုင်သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းထက်မပိုစေဘဲ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသောနေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက် ပေးခြင်း၊

(င) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊

(ဆ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း။

၃၀။ ခရိုင်သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်သုံးသိန်းထက်မပိုစေဘဲ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်နိုင်သည် -

(က) သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရရှိဘဲ ခူးဆွတ်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း၊

(ခ) စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၁။ ခရိုင်သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်သည့်အခါ အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၃၂။ ခရိုင်သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်။

၃၃။ ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ကော်မတီ၏ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်မရှိဘဲ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ်နှစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပျော်ရွှင်ဖွယ်အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်းအားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းမများ၊ ရေကူးကန်များ၊ အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်အတွင်း ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်အတွင်း အပင်များ စိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံများ တည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်း၊ ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ခုနစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

၃၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ့်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်အတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

၃၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် အဆောက်အဦ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၄၀။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၁။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၂။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ၊ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးရမည်။

၄၄။ ဝန်ကြီးဌာနသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ရရန်ရှိသောငွေများကို ကောက်ခံသူအရာရှိအဖြစ် ခရိုင်သစ်တောအရာရှိအား တာဝန်ပေးအပ်ရမည်။

၄၅။ ဤဥပဒေအရ ပေးဆောင်ရန်ရှိသောငွေများကို ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်နေကြောင်း တွေ့ရှိရလျှင် ယင်းငွေများကို ခရိုင်သစ်တောအရာရှိက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၄၆။ ဤဥပဒေပါပြဋ္ဌာန်းချက်ကို ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများကို ဤဥပဒေပြဋ္ဌာန်းပြီး ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

(ဂ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လဂွန်ငန်ဆိုင်း၊
ဝန်ကြီးချုပ်၊
ကချင်ပြည်နယ်အစိုးရအဖွဲ့။

## ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက် )

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသောနယ်မြေကို ဆိုသည်၊

(စ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့်နယ်မြေကို ဆိုသည်၊

(ဆ) **သစ်တောနယ်မြေ**ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်၊

(ဇ) **အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေကို ဆိုသည်၊

(ဈ) **သစ်ပင်**ဆိုသည်မှာ သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ကြိမ်၊ သစ်ခွနှင့် ယင်းတို့၏အပင်ပေါက်တို့ကို ဆိုသည်၊

(ည) **တားမြစ်သစ်ပင်**ဆိုသည်မှာ ကျွန်းပင်နှင့်သစ်တောဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့်သစ်ပင်ကို ဆိုသည်၊

(ဋ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန်သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စတို့ကို ဆိုသည်၊

(ဌ) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကို ဆိုသည်၊

(ဍ) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲနိုင်ရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်၊

(ဎ) **သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ ကျေးရွာထင်းစိုက်ခင်း အပါအဝင် သစ်တောနယ်မြေအတွင်းပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏အစိတ်အပိုင်းများနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများလည်း ပါဝင်သည်၊

(ဏ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်၊

(တ) **သစ်တောအရာရှိ**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်၊

(ထ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးသစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးအထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများကို ဆိုသည်၊

(ဒ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီကို ဆိုသည်၊

(ဓ) **ကျေးရွာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(န) **အသုံးပြုသူများအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများအဖွဲ့ကို ဆိုသည်၊

(ပ) **နယ်နိမိတ်အမှတ်အသား** ဆိုသည်မှာ ကျောက်တိုင်၊ ကွန်ကရစ်တိုင်၊ သံတိုင်၊ သစ်သားတိုင်၊ ပိုက်လုံး၊ ကျောက်ပုံ၊ သစ်ပင်တွင်သတ်မှတ်ထားသောအမှတ် သို့မဟုတ် တစ်နည်းနည်းဖြင့် သတ်မှတ် နယ်နိမိတ်ကို ဖော်ပြထားသော အမှတ်အသားကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော သစ်တောမြေ များတွင် ထင်းစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးလာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရန်၊

(ခ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးခြင်း၊ ထူထောင်ခြင်း၊ စနစ်တကျထုတ်ယူ သုံးစွဲခြင်းဖြင့် သဘာဝလောင်စာ တိုးမြှင့်အသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီး စေခြင်းမှ ကာကွယ်ရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းဖြင့် နိုင်ငံပိုင်သဘာဝတောများ လျော့နည်းလာစေခြင်းမှ ကာကွယ်ရန်၊

(င) ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် လောင်စာရရှိရေးအတွက် သဘာဝတောများအပေါ် မှီခိုခြင်းမှ လျှော့ချနိုင်ပြီး တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်မှုမှ ကာကွယ်နိုင်ရန်။

## အခန်း (၃)
## ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်း

၄။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသောကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ် ကော်မတီမှ သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံ ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ချက်နှင့် သဘောထားမှတ်ချက်ပေးရန် သက်ဆိုင်ရာမြို့နယ်ကော်မတီသို့ တောင်းခံရမည်။

၆။ ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာမြို့နယ်ကော်မတီ၏ စိစစ်ချက်နှင့် သဘောထားမှတ်ချက်တို့ကို ရရှိလျှင် -

(က) ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက် ကြိုတင်ရယူ၍ မြို့နယ်ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ မိမိ၏သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ခ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် မြေလွတ်မြေရိုင်းနှင့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်ပါက မြို့နယ်ကော်မတီ၏စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့် အတူ မိမိ၏သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၇။ အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ခွင့်ပြုရန် ဝန်ကြီး၏ တင်ပြလာခြင်းအပေါ် စည်းကမ်းသတ်မှတ်ချက်များဖြင့် ခွင့်ပြုနိုင်သည်။

၈။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့၏ခွင့်ပြုချက်ကို ရရှိလျှင် ရက်ပေါင်း (၃၀) အတွင်း ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်ထားသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်ကော်မတီသို့ အကြောင်းကြားရမည်။

၉။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်ထားသည့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ညွှန်ကြားရေးမှူးထံမှ အကြောင်းကြားစာရရှိလျှင် ကျေးရွာကော်မတီ ဖွဲ့စည်းရန်အတွက် မြို့နယ်ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ (က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ<br>မြို့နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင် (၁) ဦး | အဖွဲ့ဝင် |
| (၆) | မြို့မိမြို့ဖ (၁) ဦး | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

(ခ) မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ သက်တမ်းမှာ ၃ နှစ် ဖြစ်သည်။

၁၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် မြို့နယ်ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။

၁၂။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးမှ စိစစ်ရန်ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားလွှာများကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးထံ ပြန်လည် တင်ပြခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းမြေနေရာ ရွေးချယ်မှုကို စိစစ်တင်ပြခြင်း၊

(ဂ) အသုံးပြုသူများအဖွဲ့မှ ရွေးချယ်ဖွဲ့စည်း၍ တင်ပြလာသော ကျေးရွာကော်မတီဖွဲ့စည်းခြင်းအား အတည်ပြုခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေး၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို စည်းကမ်းတကျ ဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး သို့မဟုတ် ဝန်ကြီးထံ တင်ပြခြင်း။

၁၃။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ရရှိသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းဆောင်ရွက်လိုသူများ ပါဝင်သော အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၄။ (က) ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများအဖွဲ့မှ အဖွဲ့ဝင် (၇) ဦး သို့မဟုတ် (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကော်မတီအဖွဲ့ဝင် အများဆန္ဒဖြင့် တာဝန်ပေးအပ်ရမည်။

(ဂ) ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ သက်တမ်းမှာ ၃နှစ် ဖြစ်သည်။

၁၅။ ကျေးရွာကော်မတီဝင်များ ပြောင်းလဲပြင်ဆင်အစားထိုးခြင်းပြုလုပ်လိုပါက ကော်မတီဝင်အများစု၏ ဆန္ဒဖြင့် ရွေးချယ်ပြီး မြို့နယ်ကော်မတီ၏ အတည်ပြုချက် ရယူရမည်။

၁၆။ ကျေးရွာကော်မတီသည် မြို့နယ်သစ်တောအရာရှိ၏အကူအညီဖြင့် ကျေးရွာထင်းစိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ရေးဆွဲပြီး မြို့နယ်ကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၁၇။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အတည်ပြုပါက ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်လက်မှတ်အား ကျေးရွာကော်မတီသို့ ထုတ်ပေးရန် ညွှန်ကြားရေးမှူးထံသို့ ထောက်ခံတင်ပြရမည်။

၁၈။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ ခွင့်ပြုချက်နှင့်အညီ နောက်ဆက်တွဲပုံစံ (၁) ဖြင့် တည်ထောင်ခွင့်လက်မှတ် ထုတ်ပေးရမည်၊ အဆိုပါတည်ထောင်ခွင့်လက်မှတ်နှင့်အတူ စည်းကမ်းချက်များကို ပူးတွဲပေးရမည်။

၁၉။ ကျေးရွာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများအဖွဲ့က ကျေးရွာကော်မတီကို ဖွဲ့စည်းပြီးလျှင် မြို့နယ်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းများ ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းမှ ထင်းခုတ်လှဲထုတ်လုပ်ခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာန၏ နည်းစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းတွင် ပါဝင်ဆောင်ရွက်မည့် အိမ်ထောင်စုစာရင်းများ ပြုစုထားပြီး ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများ အဖွဲ့ဝင်စာရင်းပြုစုခြင်း၊ ထင်းစိုက်ခင်းနှင့်သက်ဆိုင်သည့် အိမ်ထောင်စုစာရင်း သတ်မှတ်ခြင်း၊

(င) အသုံးပြုသူများအဖွဲ့ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းရှိ ထင်းများကို ခိုးယူခုတ်လှဲမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းရှိ အပင်များကို နှစ်စဉ် အလှည့်ကျခုတ်လှဲသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) မြို့နယ်သစ်တောဦးစီးဌာန၏အကူအညီဖြင့် ခုတ်လှဲပြီးဧရိယာများတွင် ကျေးရွာထင်းစိုက်ခင်း ပြန်လည်ထူထောင်ရေးအတွက် ထင်းစိုက်ခင်းစိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေးနည်းစနစ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) ခုတ်လှဲပြီးထင်းပင်များအား ကျေးရွာကော်မတီဝင်အများစု၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲသုံးစွဲခြင်း၊

(ည) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျမှတ်တမ်းထားရှိခြင်း၊

(ဋ) ကျေးရွာထင်းစိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနသို့ အကူအညီတောင်းခံခြင်း၊

(ဌ) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော သစ်တောဥပဒေအရ တားမြစ်သစ်ပင်များနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနသို့ တင်ပြထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသည့် ထင်းနှင့်သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ပြန်လည်ခွဲစိတ်ခြင်း၊ သယ်ယူရောင်းချခြင်းနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ထုတ်ပြန်သည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဎ) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသည့် ထင်းနှင့်သစ်တောထွက်ပစ္စည်းများကို မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဏ) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသည့် ထင်းကို မီးသွေးဖုတ်လိုပါက မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ကို သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ လျှောက်ထားရယူခြင်း။

၂၀။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ်အမှတ်အသားများကို အများပြည်သူ အလွယ်တကူသိရှိနိုင်ရန် ထင်ရှားစွာပြုလုပ်မှတ်သားထားရမည်။

၂၁။ ကျေးရွာကော်မတီသည် အသုံးပြုသူများ အဖွဲ့ဝင်ကြေးကို အဖွဲ့ဝင်အများစု၏ဆန္ဒဖြင့် သတ်မှတ်နှုန်းထားအတိုင်း ဆောင်ရွက်နိုင်သည်။

၂၂။ ကျေးရွာကော်မတီသည် အသုံးပြုသူများအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်သည့် အိမ်ထောင်စုကို မှတ်ပုံတင်စာရင်းသွင်းပြီး အသိအမှတ်ပြုလွှာ နောက်ဆက်တွဲပုံစံ (၂) ကို ထုတ်ပေးရမည်။

၂၃။ ကျေးရွာကော်မတီသည် ထင်းများခုတ်ယူသုံးစွဲရန် ခွင့်ပြုရာတွင် ခုတ်လှဲအသုံးပြုသည့် ထင်းပမာဏကို မူတည်ပြီး အသုံးပြုသူများအဖွဲ့၏ အများဆန္ဒဖြင့် သတ်မှတ်သော နှုန်းထားအတိုင်း ရန်ပုံငွေကောက်ယူနိုင်သည်။

၂၄။ ကျေးရွာကော်မတီသည် ငွေစာရင်းကို စနစ်တကျရေးသွင်း၍ ကျေးရွာထင်းစိုက်ခင်းအတွက် ရန်ပုံငွေ အသုံးပြုရာတွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။

၂၅။ မြို့နယ်ကော်မတီသည် ကျေးရွာကော်မတီ၏ လက်ဝယ်ထားရှိခွင့်ရှိသော အများဆုံးရန်ပုံငွေ ပမာဏကို သတ်မှတ်ထားရမည်။

၂၆။ ကျေးရွာကော်မတီသည် သတ်မှတ်ရန်ပုံငွေထက် ငွေကြေးပမာဏများပြားလာပါက မြို့နယ်ကော်မတီသို့ တင်ပြပြီး ဘဏ်ငွေစုစာအုပ် ပြုလုပ်ထားရှိရမည်။

၂၇။ ကျေးရွာကော်မတီသည် -

(က) ကော်မတီအစည်းအဝေးကို အနည်းဆုံး တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

(ခ) အသုံးပြုသူများအဖွဲ့နှင့် အခါအားလျော်စွာတွေ့ဆုံရမည်။

(ဂ) အသုံးပြုသူများအဖွဲ့ အစည်းအဝေးတွင် ငွေကြေးသုံးစွဲမှုအား အသိပေးရှင်းလင်းရမည်။

(ဃ) အစည်းအဝေးမှတ်တမ်း၊ တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်းကို နောက်ဆက်တွဲပုံစံ (၃) ဖြင့် မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

## အခန်း (၅)

## မြို့နယ်သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၈။ မြို့နယ်သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းများအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများပေးခြင်း၊ လိုအပ်သလို ညွှန်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ ထိန်းသိမ်းဆောင်ရွက်စေခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများတွင် ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီက စိုက်ခင်းစီမံဆောင်ရွက်ခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ စီးပွားရေးအလို့ငှာ ရောင်းချခြင်းအတွက် သစ်တောဦးစီးဌာနက သတ်မှတ်ထားသောအခွန်အခ ကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် အရေးယူခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အဦဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်း။

## အခန်း (၆)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၃၀။ မြို့နယ်သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်ညီညွတ်စေရန် စစ်ဆေး၍ မြို့နယ်ကော်မတီသို့ တင်ပြရမည်။

၃၁။ အသုံးပြုသူများအဖွဲ့ဝင်မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကျေးရွာကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကျေးရွာကော်မတီက သတ်မှတ်ထားသောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း။

၃၂။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ပြီးသည့် ပြစ်မှုများအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

## အခန်း (၇)
## စီမံခန့်ခွဲရေးအမိန့်ကို အယူခံခြင်း

၃၃။ (က) ဤဥပဒေအရ ကျေးရွာကော်မတီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြို့နယ်ကော်မတီထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) မြို့နယ်ကော်မတီသည် ကျေးရွာကော်မတီက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၄။ (က) ဤဥပဒေအရ မြို့နယ်ကော်မတီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးသည် မြို့နယ်ကော်မတီက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၅။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၃၆။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်း ကျွဲ၊ နွားများ လွှတ်ကျောင်းခြင်း၊ စားကျက်ချခြင်း မပြုရ။

၃၇။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းမြေအား တူးဆွခြင်းမပြုရ။

၃၈။ မည်သူမျှ ထင်းစိုက်ခင်းနယ်မြေနှင့် ယင်းနယ်မြေအဖြစ် သတ်မှတ်ရန် ကြေညာထားသည့်နယ်နိမိတ်မှ ကိုက် (၂၀၀) အတွင်းခွင့်ပြုချက်မရှိဘဲ လောင်စာပစ္စည်းများကို မီးမရှို့ရ။

၃၉။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်း ခွင့်ပြုချက်မရှိဘဲ မီးရှို့ခြင်း (သို့မဟုတ်) မီးသယ်ယူခြင်း မပြုရ။

၄၀။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၄၁။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ ကျူးကျော်နေထိုင်ခြင်းမပြုရ။

၄၂။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရ။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ ထက်မပိုသောငွေဒဏ် ကျခံစေရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၄၀၀၀၀ မှ အများဆုံး ကျပ် ၆၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၇။ မည်သူမဆို ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၇၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၇၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၉။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းကျူးလွန်သည့်ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ကျခံစေရမည်။

၅၀။ မည်သူမဆို တားမြစ်ချက်တစ်စုံတစ်ရာအား ဖောက်ဖျက်ကြောင်း ထင်ရှားတွေ့ရှိပါက သက်ဆိုင်ရာ ကျေးရွာကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက တရားစွဲဆိုရမည်။

၅၁။ တရားရုံးသည်ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသည့် ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းများကို ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာ များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဃ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာကော်မတီသို့ လျော်ကြေးပေးဆောင် စေရန် အမိန့်ချမှတ်နိုင်သည်၊

(င) လျော်ကြေးငွေသတ်မှတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသောတန်ဖိုးကို အခြေခံပြီး သင့်လျော်သောလျော်ကြေးငွေကို သတ်မှတ်နိုင်သည်၊

(စ) ကျေးရွာထင်းစိုက်ခင်းမြေအတွင်း ကျူးကျော်နေထိုင်သူနှင့် အဆောက်အဦကို ဖျက်သိမ်းဖယ်ရှား ထွက်ခွာစေရန် အမိန့်ချမှတ်နိုင်သည်။

၅၂။ တရားရုံးက ပုဒ်မ ၅၁၊ ပုဒ်မခွဲ (စ) အရ အမိန့်ချမှတ်သည့်အခါ မြို့နယ်ကော်မတီဥက္ကဋ္ဌသည် အဆိုပါအမိန့်အတိုင်း ကျူးကျော်နေထိုင်သူနှင့် အဆောက်အဦကို ဖျက်သိမ်းဖယ်ရှားထွက်ခွာစေရန် ဆောင်ရွက်ခွင့်ရှိသည်။

၅၃။ တရားရုံးသည် ပုဒ်မ ၄၃၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ အရ တပ်ရိုက်သည့် ဒဏ်ငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသည့် ကျေးရွာကော်မတီထံသို့ နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၀)
## အထွေထွေ

၅၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းအား မည်ကဲ့သို့ စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်ဖြစ်စေ၊ အခြားစာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့်ဖြစ်စေ တင်ပြခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ ကြိုတင်ပြီး တင်ပြဆောင်ရွက်ရမည်။

၅၅။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်ထားသော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြို့နယ်နှင့်ကျေးရွာကော်မတီဝင်များ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် ကူညီပေးရမည်။

၅၇။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ အများပြည်သူတို့၏အကျိုးငှာ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီဝင် သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းမရှိစေရ။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်သောပြစ်မှုများအား ဤဥပဒေအရသာ အရေးယူဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

နောက်ဆက်တွဲပုံစံ (၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်**

၁။　ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် .......... ရက်နေ့၌ ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပဲခူးတိုင်းဒေသကြီးကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၁၈ အရ ပဲခူးတိုင်းဒေသကြီး ........ ခရိုင်၊ ......... မြို့နယ်၊ ............. ကျေးရွာအုပ်စု၊ ......... ကျေးရွာအနီး တွင် ............ ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ထူထောင်ခွင့်ပြုသည်။

၂။　အောက်ဖော်ပြပါနေရာများရှိ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းကြီးကြပ်ခြင်းအား ........... မြို့နယ်ကော်မတီနှင့် ........... ကျေးရွာကော်မတီ၏ စီမံအုပ်ချုပ်မှုအောက်တွင် ထားရှိလိုက်သည် -

(က)　ကျေးရွာထင်းစိုက်ခင်း၏ အမည်နှင့်တည်နေရာ၊

(ခ)　ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ်ရှိ သိသာထင်ရှားသော အမှတ်အသားများ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် (မြေပုံညွှန်းအမှတ်များ)၊

(ဂ)　ဧရိယာ။

၃။　ကျေးရွာထင်းစိုက်ခင်းများ စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း၊ စီမံချက်ရေးဆွဲဆောင်ရွက်ရန်အတွက် ကျေးရွာကော်မတီသို့ ဤတည်ထောင်ခွင့်လက်မှတ်ကို ထုတ်ပေးခြင်း ဖြစ်သည်။

၄။　ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲ အသုံးပြုခြင်း၊ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၄၂ အရ တားမြစ်လိုက်သည်။

ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးသစ်တောဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

နောက်ဆက်တွဲပုံစံ (၂)

**ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ**

**. . . . . . . . မြို့နယ်၊ . . . . . . . . . ကျေးရွာ**

**(. . . . . . . ခုနှစ်၊ . . . . . . . . . လ၊ . . . . . . . . . . ရက်)**

**"ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများ အဖွဲ့ဝင် အသိအမှတ်ပြုလွှာ"**

. . . . . . . . . . . . ကျေးရွာအုပ်စု၊ . . . . . . . . . ကျေးရွာနေ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်. . . . . . . . . . . . . . . . . . . . . . ကိုင်ဆောင်သူ ဦး/ဒေါ်. . . . . . . . . . . . . . . . . အား ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီမှ ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုလိုက်သည်။

တံဆိပ်

ဥက္ကဋ္ဌ

ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ

. . . . . . . . . . . ကျေးရွာ

နောက်ဆက်တွဲပုံစံ (၃)

## အစည်းအဝေးမှတ်တမ်းပုံစံ

(. . . . . . . . ) ရက်နေ့၊ ( : ) အချိန်၊ . . . . . . . . ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီအစည်းအဝေးမှတ်တမ်း

**အစည်းအဝေးတက်ရောက်သူများ**

(က) ဦး/ဒေါ် . . . . . . . . . . ဥက္ကဋ္ဌ
(ခ) ဦး/ဒေါ် . . . . . . . . . . အဖွဲ့ဝင်
(ဂ) ဦး/ဒေါ် . . . . . . . . . . အတွင်းရေးမှူး
(ဃ) ဦး/ဒေါ် . . . . . . . . . . အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌ
(င) ဦး/ဒေါ် . . . . . . . . . . အသုံးပြုသူများအဖွဲ့ အတွင်းရေးမှူး
(စ) ဦး/ဒေါ် . . . . . . . . . . အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်
(ဆ) ဦး/ဒေါ် . . . . . . . . . . ရပ်မိ/ရပ်ဖ

**မတက်ရောက်နိုင်သူများ**

(က) ဦး/ဒေါ် . . . . . . . . . . (မကျန်းမာ)
(ခ) ဦး/ဒေါ် . . . . . . . . . . (တာဝန်)

၁။ ရည်ရွယ်ချက်

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။

၂။ ကော်မတီဥက္ကဋ္ဌမှဆွေးနွေးခြင်း

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။

နောက်ဆက်တွဲပုံစံ (၃)အဆက်

၃။ တက်ရောက်သူများမှဆွေးနွေးခြင်း

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။

၄။ ညှိနှိုင်းဆုံးဖြတ်ချက်များချမှတ်ခြင်း

(က) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ရန်။

(ခ) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ရန်။

(ဂ) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ရန်။

(ဃ) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ရန်။

(င) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ရန်။

| အတည်ပြုသူ | မှတ်တမ်းတင်သူ |
|---|---|
| (. . ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ) | (. . ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ) |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက် )

## နိဒါန်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂)၊ အပိုဒ် (၇) (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မီးသတ်ဦးစီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးကို ဆိုသည်၊

(င) **မီးဘေးအန္တရာယ်**ဆိုသည်မှာ ပေါ့ဆမီး၊ ရှို့မီး၊ သဘာဝနှင့်ဆက်နွယ်ပေါ်ပေါက်သော မီးဘေးများ၊ ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်လွယ်တတ်သော ဝတ္ထုများနှင့်ပတ်သက်သည့် မီးနှင့် အခြားမီးဘေးအန္တရာယ်အမျိုးမျိုးကို ဆိုသည်၊

(စ) **ကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို ဆိုသည်၊

(ဆ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာန မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဇ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ည) **စေတနာ့ဝန်ထမ်း** ဆိုသည်မှာ မီးဘေးအန္တရာယ်ကျရောက်လာပါက မိမိဆန္ဒအလျောက် ပါဝင်ကူညီ ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်သူတို့၏အသက် အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ပေးရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ ရှာဖွေ ကယ်ဆယ်ရေးတို့ကို မီးသတ်တပ်ဖွဲ့မှ ဆောင်ရွက်ရန်၊

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရေး အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(င) မီးဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများ နိုးကြားစွာ ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

၆။ တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ခရိုင်၊ မြို့နယ်၊ မြို့ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်၊ မြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ခြင်း၊

(ဂ) မီးဘေးအန္တရာယ်ကျရောက်သည့်အခါ ကြိုတင်ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း။

၉။ တိုင်းဒေသကြီးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် -

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်၊

(ခ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် ချမှတ်ထားသော စီမံချက်၊ လုပ်ငန်းစဉ်နှင့် အညီ ဆောင်ရွက်ရမည်၊

(ဂ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ပညာပေးစည်းရုံးလှုံ့ဆော်ခြင်း ပြုရမည်၊

(ဃ) မီးဘေးအန္တရာယ်ကျရောက်သည့်အခါ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင် ကူညီဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲရမည်၊

(င) ပြည်သူများလိုက်နာရမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာအမိန့်နှင့် ညွှန်ကြားချက်များကို လိုအပ်သလိုထုတ်ပြန်ပြီး လိုက်နာခြင်း ရှိ၊ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်းပြုရမည်၊

(စ) မီးသတ်ယာဉ်၊ ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ စက်သုံးဆီနှင့်ချောဆီ စသည်တို့ကို အဆင်သင့်အသုံးပြုနိုင်ရန် စနစ်တကျကြိုတင်စီမံထားရှိရမည်၊

(ဆ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ၊ အလုပ်ရုံများ စီးပွားရေး လုပ်ငန်းများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ဆေးရုံ၊ ကျောင်း၊ ရုပ်ရှင်ရုံနှင့် ဈေးများတွင် လျှပ်စစ်မီး၊ ထင်း၊ မီးသွေးနှင့် အခြားမီးသုံးစွဲမှုတို့ကို အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ရမည်၊

(ဇ) အများပြည်သူဆိုင်ရာနေရာများတွင် ကျင်းပမည့် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍သက်ဆိုင်ရာခွင့်ပြုမိန့် ထုတ်ပေးနိုင်သူသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ သက်ဆိုင်ရာမီးသတ်ဦးစီး ဌာနမှူး၏ သဘောထားရယူရမည်၊

(ဈ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ တာပင်တိုင်၊ သင်နှာ၊ အရက်ဆီ၊ မက်သနောနှင့် အခြားလောင်စာဆီအမျိုးမျိုး၊ ပရိုပိန်း၊ ဗြူတိန်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ တရားမဝင်သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ လူနေရပ်ကွက်အတွင်း တရားမဝင်သိုလှောင်ထားခြင်း၊ တရားမဝင်ရောင်းချခြင်း၊ လျှပ်စစ်မီးနှင့် လျှပ်စစ် ပစ္စည်းသုံးစွဲခြင်းတို့ကို စစ်ဆေးတားဆီး အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊

(ည) မီးသတ်ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရမည်၊

(ဋ) မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၅)
## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၁၁။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူး၊ မီးသတ်ကိရိယာများ လုံလောက်စွာစီစဉ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဂ) မီးငြိမ်းသတ်ရန် ရေလုံလောက်စွာရရှိရေးအတွက် မီးသတ်ရေငုပ်နှင့် မီးသတ်ရေလှောင်ကန်များ ဆောက်လုပ်ခြင်းကို စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မီးဘေးအန္တရာယ်ကျရောက်ချိန်တွင် မီးသတ်ယာဉ်များ ဝင်ရောက်ရန် အခက်အခဲရှိမည့် ရပ်ကွက်အလိုက် လမ်းများ၊ လမ်းကြားများအား မြို့နယ်မီးသတ်ဦးစီးဌာနက စာရင်းပြုစုပြီး လမ်းတိုးချဲ့ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ဆောက်လုပ်ရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေခြင်း၊

(စ) မီးငြိမ်းသတ်ယာဉ်များ မီးငြိမ်းသတ်ရန် မောင်းနှင်သွားလာရာလမ်းတစ်လျှောက်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အများပြည်သူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်စေရန် စည်းရုံးဆောင်ရွက်ခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၂။ မည်သူမဆို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ တာပင်တိုင်၊ သင်နာ၊ အရက်ဆီ၊ မက်သနောနှင့် အခြားလောင်စာဆီအမျိုးမျိုး၊ ပရိုပိန်း၊ ဗြူတိန်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများအား လူနေရပ်ကွက်အတွင်း၌ဖြစ်စေ၊ ဈေးများအတွင်း၌ဖြစ်စေ တရားမဝင် လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း မပြုရ။

၁၃။ မည်သူမဆို မီးဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့်အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ယူနေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ၊ စေတနာ့ဝန်ထမ်းနှင့်လူမှုရေးအသင်းအဖွဲ့အစည်းဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၆။ မည်သူမဆို မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း သိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း၊ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်း မပြုရ။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) နေရာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

အမှတ် (၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၃၇၂၀၉ **ဗိုလ်ကြီးအောင်ပြည့်ဖြိုး**အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **ဌာနစုမှူး** လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ **၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍** ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ရေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက် )

အမှတ်စဉ် ၃/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | မြင့်ဦး | ရေ | ၅၀၉၂ |
| (၂) | သန်းဝင်း | ရေ | ၅၀၉၃ |
| (၃) | ဝင်းမြင့် | ရေ | ၅၀၉၄ |
| (၄) | မင်းဦး | ရေ | ၅၀၉၅ |
| (၅) | စိုးအောင် | ရေ | ၅၀၉၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

အမှတ် ၂ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | ဌာန/ဌာနခွဲ |
|---|---|---|---|
| ၁။ | ဦးစိုးလွင် | ဒုတိယညွှန်ကြားရေးမှူး | စစ်ဆေးရေး |
| ၂။ | ဦးဇော်လွင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | လုပ်ငန်းဌာန-၁ |
| ၃။ | ဒေါ်နော်စိဘလု | လက်ထောက်ညွှန်ကြားရေးမှူး | မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး |
| ၄။ | ဒေါ်ဝါဝါအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေ |
| ၅။ | ဒေါ်ခင်နီလာဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | စစ်ဆေးရေး |
| ၆။ | ဒေါ်ဖြူပြာခ | လက်ထောက်ညွှန်ကြားရေးမှူး | ဝန်ထမ်းရေးရာ (နယ်) |

ထွေးလှ၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

# စက်မှုလယ်ယာဦးစီးဌာန

## ရုံးအမိန့်စာအမှတ် (၂၃၄/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

၁။ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ဦးစီးမှူး (၁၇) ဦးအား လစာနှုန်း (၁၂၀,၀၀၀ိ-၂,၀၀၀ိ-၁၃၀,၀၀၀ိ) အဆင့်ရှိ ဦးစီးအရာရှိရာထူးသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ ကနဦးလစာငွေ ၁၂၀,၀၀၀ိ/- ဖြင့် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | အဖွဲ့အစည်း |
|---|---|---|
| ၁။ | ဦးအောင်မိုး | ဇဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့ |
| ၂။ | ဦးရဲမင်းထွဋ် | ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရုံး၊ ပြည်မြို့ |
| ၃။ | ဦးအောင်ဇော်မိုး | အမှတ် (၈၉) စက်မှုလယ်ယာစခန်း၊ ကျောက်တော်မြို့ |
| ၄။ | ဦးဌေးအောင် | အမှတ် (၁၃) စက်မှုလယ်ယာစခန်း၊ မြန်အောင်မြို့ |
| ၅။ | ဦးအောင်ဆန်းနိုင် | အမှတ် (၈၁) စက်မှုလယ်ယာစခန်း၊ ကျောက်ဆည်မြို့ |
| ၆။ | ဦးစည်သူကျော် | အမှတ် (၇၄) စက်မှုလယ်ယာစခန်း၊ စဥ့်ကိုင်မြို့ |
| ၇။ | ဦးသန်းဦး | အမှတ် (၃၄) စက်မှုလယ်ယာစခန်း၊ အုန်းနဲ့မြို့ |
| ၈။ | ဦးအောင်ဆန်းတင့် | စက်မှုလယ်ယာစခန်း (ဆွယ်)၊ မိုးညှင်းမြို့ |
| ၉။ | ဦးသန်းမိုး | စက်မှုလယ်ယာစခန်း (ဆွယ်)၊ အင်ပူမြို့ |
| ၁၀။ | ဦးခင်မောင်ဝင်း | အမှတ် (၁၄) စက်မှုလယ်ယာစခန်း၊ သာယာဝတီမြို့ |
| ၁၁။ | ဦးမျိုးမင်းထွန်း (၃) | စက်မှုလယ်ယာစခန်း (ဆွယ်)၊ ရွှေကူမြို့ |
| ၁၂။ | ဦးဝင်းထိုက် | အမှတ် (၂၀) စက်မှုလယ်ယာစခန်း၊ ဘားအံမြို့ |
| ၁၃။ | ဦးတင်ကို | အမှတ် (၅၈) စက်မှုလယ်ယာစခန်း၊ ပေါက်ခေါင်းမြို့ |
| ၁၄။ | ဦးလှသန်း | အမှတ် (၇) စက်မှုလယ်ယာစခန်း၊ ပခုက္ကူမြို့ |
| ၁၅။ | ဦးဝင်းရွှေ | အမှတ် (၉၂) စက်မှုလယ်ယာစခန်း၊ ကျိုင်းတုံမြို့ |
| ၁၆။ | ဦးကိုကိုမောင် | အမှတ် (၅၃) စက်မှုလယ်ယာစခန်း၊ မော်လမြိုင်ကျွန်းမြို့ |
| ၁၇။ | ဦးဝင်းမြတ်သူ | အမှတ် (၄၄) စက်မှုလယ်ယာစခန်း၊ နွားထိုးကြီးမြို့ |

၂။ ဤအမိန့်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် ၂/၂၀၁၄ ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၇) (၄၁၆/၂၀၁၄) အရ ဆက်စပ်ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ညိုဝင်း၊
ညွှန်ကြားရေးမှူး-စီမံ၊
စက်မှုလယ်ယာဦးစီးဌာန။

## လူမှုဝန်ထမ်းဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၈ အရ နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကိုသော်လည်းကောင်း၊ ပုဒ်မ ၁၉ အရ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကိုသော်လည်းကောင်း၊ ပုဒ်မ ၃၈ ပါ ကလေးသူငယ်ဥပဒေအရ မှတ်ပုံတင်အသိအမှတ်ပြုထားသည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကိုသော်လည်းကောင်း တည်ထောင်ဖွင့်လှစ်လိုသူများက လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စပ်လျဉ်း၍ ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (အမှတ် ၁/၂၀၁၄) ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ (အမှတ် ၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့က ပြဋ္ဌာန်းသည့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ထိုအက်ဥပဒေ၏ ဇယား-၂၊ အမှတ်စဉ် ၁၊ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့ပါ လျှောက်လွှာတွင် ထမ်းဆောင်ရမည့် ရုံးခွန်နှုန်းထားများကို လျှော့ပေါ့၍ ပြင်ဆင်သတ်မှတ်ထားပါသည်။

၃။ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ဤလူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (အမှတ် ၁/၂၀၁၄) အပိုဒ် ၄၊ အပိုဒ်ခွဲ (က) ပါ **“၅၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း”** အစား **“၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း”** ဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ) ပါ **“၁၀၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း”** အစား **“၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း”** ဟုလည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ သို့ပါ၍ ဤလူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (အမှတ် ၁/၂၀၁၄) ၏ အပိုဒ် ၁၊ ၂ နှင့် ၃ တို့အရ လျှောက်ထားသူက တင်သွင်းသည့် လျှောက်လွှာများတွင် အထက်အပိုဒ် ၃ ပါ လျှော့ပေါ့၍ ပြင်ဆင်အစားထိုးထားသည့် ရုံးခွန်နှုန်းထားများအတိုင်း ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသော ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ ထမ်းဆောင်ကြရမည်ဖြစ်သည်။

စိုးကြည်၊
ညွှန်ကြားရေးမှူးချုပ်၊
လူမှုဝန်ထမ်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**စုပေါင်းအမျိုးသား ကျောက်မီးသွေးမီသိန်းကုမ္ပဏီလီမိတက်**

**United National Coal Bed Methane Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **စုပေါင်းအမျိုးသား ကျောက်မီးသွေးမီသိန်းကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၁-၇-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၅-၈-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ဖြိုးမင်း
မန်နေးဂျင်းဒါရိုက်တာ
စုပေါင်းအမျိုးသား ကျောက်မီးသွေးမီသိန်းကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## Shwe Htet Htet Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၇-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၅-၈-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်အေးအေးမိုး
မန်နေးဂျင်းဒါရိုက်တာ
ရွှေထက်ထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

## တောက်ပသောနံနက်ခင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## (MORNING SHINING TRADING COMPANY LIMITED)

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ သြဂုတ်လ (၂၅) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် နံပါတ်၊ ၃၅/၃၇၊ ယမုံနာလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်း တင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဒေါ်မြမြဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၉)၊ (၆) လွှာ၊ ပန်းခြံလမ်း၊ (၃) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## အာရှအောင်မြင်ဖွံ့ဖြိုးမှု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
## ASIA BOOM Construction CO., LTD.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အာရှအောင်မြင်ဖွံ့ဖြိုးမှု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (ASIA BOOM Construction CO., LTD.)** အား (၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com, D.A) အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ဝမ်
မန်နေးဂျင်းဒါရိုက်တာ
ASIA BOOM Construction CO., LTD.

ဦးမြတ်လွင်မိုး
(B.Com, C.P.A)
စာရင်းရှင်းလင်းရေးအရာရှိ
"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့်
အထွေထွေအကျိုးဆောင်လုပ်ငန်း

## ပြည့်အားမာန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
## Full Strength Construction CO., LTD.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပြည့်အားမာန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Full Strength Construction CO., LTD.)** အား (၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com, D.A) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ထူး
မန်နေးဂျင်းဒါရိုက်တာ
Full Strength Construction CO., LTD.

ဦးမြတ်လွင်မိုး
(B.Com, C.P.A)
စာရင်းရှင်းလင်းရေးအရာရှိ
"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့်
အထွေထွေအကျိုးဆောင်လုပ်ငန်း

## ထက်မြတ်သောရောင်းရင်းများ ပေါင်းစည်းစွမ်းအင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
## Brilliant Partners United Power Construction CO., LTD.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ထက်မြတ်သောရောင်းရင်းများ ပေါင်းစည်းစွမ်းအင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Brilliant Partners United Power Construction CO., LTD.)** အား (၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း၊ ဦးဝင်းကျော် (B.Com, D.A) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ သြဂုတ်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဆွေ
မန်နေးဂျင်းဒါရိုက်တာ
Brilliant Partners United Power
Construction CO., LTD.

ဦးမြတ်လွင်မိုး
(B.Com, C.P.A)
စာရင်းရှင်းလင်းရေးအရာရှိ
"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့်
အထွေထွေအကျိုးဆောင်လုပ်ငန်း

## ထပ်တိုး ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၂၂-၇-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၂၂-၈-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

THUREIN NAING AUNG HEIN
MANAGING DIRECTOR
HTUT TOE CO., LTD.

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၁၇၈၊ ၀၉၅၀၀၈၅၈၁

ပ၊ ၈၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၅၅/၂၅-၇-၂၀၁၄။